www.burmeseclassic.com


ကားမောင်းရင်းနဲ့ တဖက်က ဘရိတ်ကို နင်းထားပြီးတော့ တဖက်က လီဗာကို နင်းထားသလို ဖြစ်နေတယ်။ သွားလည်း သွားချင်တယ်၊ ရပ်လည်း ရပ်ပစ်လိုက်ချင်တယ်။ အဲဒါကြောင့် ပိုပြီးတော့ ပင်ပန်းတယ်။ ဒီသဘောကို တော်တော် နက်နက်နဲနဲ သိဖို့လိုတယ်လို့နော်။

အဓိကပြဿနာက စိတ်ထဲမှာ ဘာကိုမှ လိုက်လိုက်လှဲလှဲ ခံစားလို့မရဘူး၊ ဘာကိုမှ တန်ဖိုးထားလို့ မရဘူး၊ ဘာကိုမှ မလုပ်ချင်သလိုပဲ ဖြစ်နေတယ်။

## တိတိကျကျ မသိကြဘူး။

အကယ်၍ လူတစ်ယောက်ဟာ သူ တကယ်လုပ်ချင်တာ
ဘာလဲလို့ တိတိကျကျသိပြီးတော့ ကိုယ့်ဟာကိုယ်လည်း နေ့စဉ်
စိတ်ပါလက်ပါ လုပ်နေတယ်ဆိုရင် အခုနပြောသလို ဘဝကြီးက
အဓိပ္ပာယ်မဲ့သလိုမျိုး၊ ဘဝကြီးက empty ဖြစ်နေသလိုမျိုး၊
ပျင်းစရာကောင်းတယ် ဆိုတာမျိုးဟာ
ဘယ်တော့မှ မဖြစ်နိုင်ဘူး ။

လူတွေက ငါ ဘာလုပ်ချင်သလဲ၊ ငါ ဘာလိုချင်သလဲ ဆိုတာကို တကယ်တိတိကျကျ မသိကြဘူး။ သူများ ဘာလုပ်နေသလဲဆိုတာ ကြည့်ပြီး သူများလုပ်တာ လုပ်ရရင် ကောင်းမှာပဲဆိုပြီးတော့ ဆုံးဖြတ်ကြတယ်။ ဒါတင်မကဘူး၊ ငါ့စိတ်ထဲမှာ ဘာတွေ ခံစားနေရသလဲဆိုတာကအစ သိပ်မသိတော့သလို ဖြစ်လာတယ်။ ဥပမာ– မူးယစ်ထုံထိုင်းဆေးတို့ အိပ်ဆေးတို့ ဘာတို့ သောက်ထားတဲ့သူဟာ မှိန်းပြီးတော့ ထုံထိုင်းနေတယ်၊ ဘာကိုမှ သိပ်မသိဘူး၊ သိသလိုလို မသိသလိုလိုနဲ့။ အဲသလိုပဲ အခုခေတ် လူတော်တော်များများဟာ ကိုယ့်စိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်း ဘာကို တကယ် ခံစားနေရသလဲဆိုတာ တိတိကျကျ မသိကြဘူး။ ချစ်တယ်ဆိုတာတောင်မှ အဲဒီချစ်တာဟာ သိပ်မပီပြင်ဘူး။ ချစ်တာကို လိုက်လိုက်လှဲလှဲ ခံစားလို့ မရဘူး။ ပျော်တယ်ဆိုရင်လည်း ပျော်တာကို တကယ် လိုက်လိုက်လှဲလှဲ ခံစားလို့ မရဘူး။ အပေါ်ယံလောက်တော့

www.burmeseclassic.com

www.burmeseclassic.com


ခံစားလိုက်ရတာပဲ။

အခုခေတ်လူတွေရဲ့ ဒီလို စိတ်မှာခံစားရတဲ့ အခက်အခဲတွေ တစ်နည်းအားဖြင့် စိတ်ဝေဒနာတွေရဲ့ အကြောင်းရင်းခံက ဘာလဲဆိုတော့ ကိုယ်တကယ်လိုချင်တာ ဘာလဲဆိုတာကို မသိတာပဲ။ ကိုယ့် personality ကိုယ့်စရိုက်ဝါသနာနဲ့ ကိုက်တာ ဘာလဲဆိုတာ မသိဘူး၊ ကိုယ့်ရဲ့ပါရမီနဲ့ကိုက်တာ ဘာလဲဆိုတာ မသိဘူး။

ကိုယ် တကယ် ဘာကိုလုပ်ချင်သလဲဆိုတာ တိတိကျကျ မသိကြပဲနဲ့ သူများက ဘာလုပ်ရင် ကောင်းမယ်လို့ ပြောတာမျိုးတွေနောက်ကိုပဲ လိုက်ပြီးတော့ လုပ်နေကြတယ်။ အဝတ်အစား ဝတ်တာကအစ ကိုယ် ဘာဝတ်ချင်သလဲဆိုတာ မသိဘူး။ သူများ ဘာဝတ်သလဲဆိုတာကြည့်ပြီး သူများ ဝတ်သလို လိုက်ဝတ်တယ်။ အစားအသောက် စားတာလည်း ဒီလိုပဲ။ တခြားတခြား ကိစ္စတွေမှာလည်း ဒီလိုပဲ။ စာအုပ် စာပေ ဖတ်တာကအစ သူများဖတ်တာကို လိုက်ဖတ်တယ်။ ငါ့စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ဝါသနာပါတာ ဘယ်လို ဘာသာရပ်မျိုးလဲ၊ ဘယ်လို အကြောင်းအရာမျိုးလဲဆိုတာ မသိဘူး။

အကယ်၍ လူတစ်ယောက်ဟာ သူ တကယ်လုပ်ချင်တာ ဘာလဲလို့ တိတိကျကျသိပြီးတော့ ကိုယ့်ဟာကိုယ်လည်း နေ့စဉ် စိတ်ပါလက်ပါ လုပ်နေတယ်ဆိုရင် အခုနပြောသလို ဘဝကြီးက အဓိပ္ပာယ်မဲ့သလိုမျိုး၊ ဘဝကြီးက empty ဖြစ်နေသလိုမျိုး၊ ပျင်းစရာကောင်းတယ် ဆိုတာမျိုးဟာ ဘယ်တော့မှ မဖြစ်နိုင်ဘူး။

လုံးဝမပျင်းတတ်တဲ့ လူတချို့ကို တွေ့ဘူးတယ်။ သူတို့ကို ကြည့်တဲ့အခါမှာ သူတို့ရဲ့ဆုံးဖြတ်ချက်က ပြတ်သားနေတယ်။ သိတတ်တဲ့အရွယ်ထဲက သူတို့ တစ်ခုခုကို ဆုံးဖြတ်ထားတာဟာ နောက်နှစ်ပေါင်းသုံးလေးဆယ် ကြာတဲ့ထိအောင် အဲဒီဆုံးဖြတ်ချက်က ခိုင်မြဲနေသေးတယ်။ သူတို့ ဆုံးဖြတ်တာကလည်း သူတပါးပေါ်မှာ မှီပြီး ဆုံးဖြတ်တာမဟုတ်ဘူး။ သူတို့ရဲ့ ပင်ကိုယ် စိတ်ဓာတ်၊ ပင်ကိုယ်ဓာတ်ခံ၊ အထုံ ဝါသနာအပေါ်မှာ အခြေခံပြီး ဆုံးဖြတ်တာပဲ။

အခြေအနေအရ တခြားကိစ္စတွေကို လုပ်သင့်လို့၊ လုပ်ရမှာမို့လို့ လုပ်နေရရင်တောင်မှ သူတို့စိတ်က သူတို့ နဂိုက လုပ်ချင်နေတဲ့ကိစ္စကို မျက်ခြေပြတ်မသွားဘူး။ အချိန်လေးနဲနဲရရ ရသလောက် အချိန်လေးမှာ

www.burmeseclassic.com

www.burmeseclassic.com


သူတို့စိတ်ပါတဲ့အလုပ်ကို လုပ်နေသေးတာပဲ။ အဲသလို အလုပ်ကို **ဆယ်နှစ်** ဆယ့်ငါးနှစ် လုပ်လာပြီဆိုရင် ဒီလူဟာ အဲဒီအလုပ်နဲ့ပတ်သက်တာ၊ အဲဒီ ဘာသာရပ်နဲ့ပတ်သက်တာကို တော်တော်ကို နက်နက်နဲနဲ သိလာပြီ။ အဲသလို နက်နက်နဲနဲ သိလာတယ်ဆိုတာကိုက တော်တော်ကျေနပ်စရာ ကောင်းနေပြီ။ အထူးသဖြင့် ဘဝနဲ့ပတ်သက်ပြီး စိတ်နဲ့ပတ်သက်ပြီး နက်နက်နဲနဲ သိရတာ ကျေနပ်စရာသိပ်ကောင်းတယ်။

## တစ်ခုခုကို ဇောက်ချပြီးလုပ်မှ

အကြောင်းအရာတစ်ခုခုကို ကိုယ်ပိုင်ဉာဏ်နဲ့
သိလိုက်ရတယ်ဆိုတာ စိတ်ထဲမှာ အတော်အားရတာပဲ။
ကိုယ့်ကိုယ်ကိုလည်းပဲ ယုံကြည်မှု အများကြီးတက်တယ်၊
တန်ဖိုးထားမှုလည်း အများကြီးတက်တယ်။

အခုခေတ်လူတွေက တစ်ခုခုကို နက်နက်နဲနဲ သိတယ်ဆိုတာ တော်တော် ရှားနေတယ်။ အများကြီးပဲ သိတယ်၊ ဒါပေမယ့် အပေါ်ယံပဲ သိတယ်။ ဘယ်ဟာမှ မနက်နဲဘူး။ နက်နဲမှုမရှိရင် ကျေနပ်မှု တကယ် မရနိုင်ဘူး။

ပြီးတော့ ကိုယ်နဲ့ကိုက်တဲ့အလုပ်တစ်ခုကို စိတ်ပါလက်ပါ ရေရှည် လုပ်လာတဲ့အခါမှာ အဲဒီအကြောင်းအရာ၊ အဲဒီဘာသာရပ်၊ အဲဒီအလုပ်နဲ့ ပတ်သက်ပြီးတော့ ကိုယ့်ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းပြီးတော့ သိလာတဲ့ အချက်အလက်ကလေးတွေဆိုတာ ရှိလာတယ်။ ကိုယ်ကိုယ်တိုင် ရှာဖွေပြီး တွေ့ရှိလိုက်ရတယ် ဆိုတာလေးတွေ ရှိလာတယ်။

အလုပ်တစ်ခုကို ခဏပဲလုပ်မယ် ဆိုရင်တော့ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်း သိလိုက်တယ်၊ ကိုယ်ကိုယ်တိုင် ရှာဖွေတွေ့ရှိလိုက်တယ်၊ ကိုယ်ကိုယ်တိုင် တီထွင်လိုက်တယ် ဆိုတာမျိုးက ဖြစ်ဖို့ခဲယဉ်းတယ်။ ဒါပေမယ့် အလုပ်တစ်ခုကို (၁၀)နှစ်(၁၅)နှစ်၊ တကယ် စိတ်ပါလက်ပါ အားသွန်ပြီးတော့ လုပ်လာပြီ ဆိုရင် သူများ မမြင်ခဲ့တာလေးတွေကို ကိုယ်က မြင်လာမှာ အမှန်ပဲ။ သူများ

www.burmeseclassic.com